# ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေ၏နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ

# ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေ အမှတ် ၀]

## နိဒါန်း

အလုပ်သမားများသည် မမာမကျန်းဖြစ်သည့်အခါဖြစ်စေ၊ ယာယီ မသန်စွမ်းမှုဖြစ်သည့်အခါဖြစ်စေ၊ မမာမကျန်းမှု သို့မဟုတ် ယာယီ မသန် စွမ်းမှုနှင့်ဆိုင်သည့် ငွေလက်ငင်းအကျိုးခံစားခွင့်များကို အလုပ်မလုပ်သည့် နေ့မှ လေးရက်မြောက်သောနေ့မှသာ စတင်ခံစားနိုင်မည့်အစား အလုပ် မလုပ်သည့်နေ့မှစ၍ခံစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သည် အောက် ပါ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤ နည်းဥပဒေများကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေအရ နည်းဥပဒေများဟု သတ်မှတ်ခဲ့သည့် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေတွင်ပါရှိသော—

(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၁) ၌ "လေးရက် မြောက်သောနေ့ (စောင့်ဆိုင်းရမည့် ကာလ အပိုင်းအခြား) က" ဆိုသော စကားရပ်ကိုနုတ်ပယ်ရမည်၊

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၂)နှင့်(၄)တို့ကိုပယ်ဖျက်ရမည်၊

(ဂ) ပုဒ်မ ၃၁ ၌ "လေးရက် မြောက်သောနေ့ (စောင့်ဆိုင်းရမည့် ကာလအပိုင်း အခြား)က" ဆိုသည့် စကားရပ်ကို နုတ်ပယ်ရမည်၊

(ဃ) လက်ရှိပုဒ်မ ၃၅ ပါစကားရပ်များကိုပယ်ဖျက်၍ အောက်ပါ စကားရပ်များကို အစားထိုးရမည်–
"ပုဒ်မ ၁၅ [၁၆(၁) နှင့် (၃)] ၁၉ နှင့် ၂၀ ပါ ပြဋ္ဌာန်းချက်များသည် ယာယီ မသန်မစွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်နှင့်သက်ဆိုင်နိုင်သမျှသက်ဆိုင်စေရမည်။"